Australian Government
Services Australia

BURMESE

# The Paid Parental Leave scheme
# အလုပ်ရှင်များအတွက် သတင်းကြေညာချက်

Paid Parental Leave scheme သည် အလုပ်ရှင်များအနေဖြင့် ၎င်းတို့၏ ဝန်ထမ်းများအား Parental Leave Payမှတဆင့် အလုပ်မှအနားယူခွင့် ပြုနိုင်ပါသည်။

Parental Leave Pay ဆိုသည်မှာ ဆိုသည်မှာ ဝန်ထမ်းများအား မွေးကင်းစကလေး သို့မဟုတ် မကြာသေးမီက မွေးစားထားသောကလေးကို စောင့်ရှောက်ရန် သို့မဟုတ် အသေမွေးဖွားမှု၊ မွေးကင်းစကလေးသေဆုံးမှု ဖြစ်သောအခြေအနေများတွင် လစာဖြင့် အလုပ်မှ ခွင့်ယူရန်အတွက် ပေးအပ်သောငွေ ဖြစ်ပါသည်။

ဝန်ထမ်းများဆိုရာတွင် အောက်ပါတို့ ပါဝင်နိုင်သည်-

- အချိန်ပြည့်နှင့် အချိန်ပိုင်းဝန်ထမ်းများ
- နေ့စား အလုပ်သမားများ
- ကန်ထရိုက်တာများ
- အလုပ်များချိန်ခန့် အလုပ်သမားများ။

သင့်ဝန်ထမ်းသည် Parental Leave Pay အား ကျွန်ုပ်တို့ထံ လျှောက်ထားရန် လိုအပ်ပြီး၊ ခွင့်ယူရန်အစီအစဉ်နှင့်ပတ်သက်၍ သင်နှင့် ဆွေးနွေးရပါမည်။

Parental Leave Pay ရရှိရန် ဝန်ထမ်းသည် နေထိုင်မှုစည်းမျဉ်းများအပြင် အလုပ်နှင့် ဝင်ငွေသတ်မှတ်ချက် များနှင့် ကိုက်ညီရပါမည်။

၎င်းတို့သည် အောက်ပါအားလုံးနှင့်လည်း ကိုက်ညီရန် လိုအပ်ပါသည်-

- သြစတြေးလျတွင် နေထိုင်ရမည်
- မွေးကင်းစကလေး သို့မဟုတ် မကြာသေးမီက မွေးစားထားသောကလေး ရှိရမည်
- မွေးဖွားမည့်ရက် သို့မဟုတ် မွေးစားမည့်ရက် မတိုင်မီ အနည်းဆုံး 12 လကြာ သင့်အတွက် အလုပ်လုပ်ခဲ့ရမည်
- အနည်းဆုံး Paid Parental Leaveကာလ ကုန်ဆုံးသည်အထိ သင့်ဝန်ထမ်းအဖြစ် ဆက်လက်ရှိနေရမည်
- Parental Leave Pay အနည်းဆုံး 8 ပတ် ယူမည်ဟု မျှော်လင့်ထားသည်။

သင့်ဝန်ထမ်းသည် Parental Leave Pay ရနိုင် မရနိုင်ကို ၎င်း၏လျှောက်လွှာပါ တင်ပြထားသော အချက်အလက်များအပေါ် မူတည်၍ ဆုံးဖြတ်ပါသည်။

Parental Leave Pay ရနိုင်မည်ဆိုပါက သင်၏ပုံမှန်လစာပေးစနစ်မှတဆင့် သင့်ဝန်ထမ်းကို ပေးရန်အတွက် သင့်အား လိုအပ်သောငွေကို ပေးပါမည်။ ၎င်းတို့ကို ငွေပေးရမည့်အချိန်ကို သင့်အား အကြောင်းကြားပါမည်။

သင်အနေဖြင့် ကျွန်ုပ်တို့ထံမှ ရန်ပုံငွေများ မရရှိမီ သင့်ဝန်ထမ်းအား Parental Leave Pay ပေးရန် မလိုအပ်ပါ။

ဤအစီအစဉ်တွင် ပါဝင်နိုင်ရန်အတွက် သင့်လုပ်ငန်းကို ကျွန်ုပ်တို့ထံတွင် မှတ်ပုံတင်ရန် လိုအပ်ပါသည်။

## သင့်လုပ်ငန်းအား မှတ်ပုံတင်နည်း

Paid Parental Leave scheme အတွက် အွန်လိုင်းမှ မှတ်ပုံတင်ရန် လိုအပ်ပါသည်-

- **servicesaustralia.gov.au/proda** သို့ ဝင်ရောက်၍ တစ်ဦးချင်းသုံးနှင့် လုပ်ငန်းသုံး စိတ်ချလုံခြုံသော Provider Digital Access Account ( PRODA )စာရင်း နှစ်မျိုးအား ဖွင့်လှစ်ပါ။
  - **မှတ်ချက် -** မှတ်ပုံတင်ရန်အတွက် သင်၏ Australian Business Number (ABN) လိုအပ်ပါသည်။
- PRODA မှတစ်ဆင့် သင့်လုပ်ငန်းကို Business Hub အွန်လိုင်းဝန်ဆောင်မှုများနှင့် ချိတ်ဆက်ပါ။
- Business Hub တွင် Paid Parental Leave အစီအစဉ်အတွက် မှတ်ပုံတင်ပါ။

အွန်လိုင်းမှ မှတ်ပုံတင်ခြင်း မပြုလုပ်နိုင်ပါက **131 158** သို့ ဖုန်းခေါ်နိုင်ပါသည်။

## သင့်အား ငွေပေးမည့်နည်း

သင့်ဝန်ထမ်း၏ ပုံမှန်လစာပေးချေမှုမတိုင်မီ 7 ရက်အလိုတွင် Parental Leave Pay ပေးငွေများကို သင့်လုပ်ငန်းဘဏ်စာရင်းသို့ လွှဲပေးပါမည်။

## ခွင့်ရပိုင်ခွင့်များ

ဤ Paid Parental Leave schemeသည် သင့်ဝန်ထမ်း၏ လက်ရှိ ခွင့်ရပိုင်ခွင့်များကို မပြောင်းလဲပါ သို့မဟုတ် ခွင့်ရပိုင်ခွင့်အသစ် မပေးပါ။

သင့်ဝန်ထမ်းများသည် Parental Leave Pay ရရှိသည့်အချိန်တွင် အခြားခွင့် (လစာဖြင့် သို့မဟုတ် လစာမဲ့) ရယူရန် တောင်းခံနိုင်ပါသည်။

## ဤအစီအစဉ်က သင့်လုပ်ငန်းနှင့် သင့်ဝန်ထမ်းများအား အကျိုးပြုနည်း

### ဤPaid Parental Leave schemeသည် သင့် အား အောက်ပါအတိုင်း ကူညီပေးပါသည်-

- Parental Leave Pay အတွက် သင် ငွေကြေး စိုက်ထုတ်ရန်မလိုဘဲ အဖိုးတန်ပြီး အရည်အချင်းရှိဝန်ထမ်းများကို ထိန်းသိမ်းထားနိုင်ပါသည်
- မိသားစုကဲ့သို့သော လုပ်ငန်းခွင် ဖြစ်စေပါသည်
- မိဘအသစ်များကို လုပ်ငန်းခွင်တွင် ပိုမိုကြာရှည်စွာ ထားရှိနိုင်ပါသည်။

### ဤအစီအစဉ်သည် သင့်ဝန်ထမ်းများအား အောက်ပါအတိုင်း ကူညီပေးပါသည်-

- အလုပ်မှ ခဏနားပြီး ကလေးအသစ်ကို ပြုစုစောင့်ရှောက်နေချိန်မှာ ငွေကြေးအကူအညီ ရယူနိုင်ပါသည်
- အလုပ်နှင့် မိသားစုဘဝကြား မျှတမှု ရရှိပါသည်။

## ပိုမိုသိရှိရန်

- အင်္ဂလိပ်ဘာသာဖြင့် နောက်ထပ်သတင်းများအတွက် **servicesaustralia.gov.au/pplemployers** သို့ ဝင်ရောက်ကြည့်ရှုပါ။
- သင့်လုပ်ငန်း မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သည့် သတင်းများအတွက် **servicesaustralia.gov.au/proda** သို့ ဝင်ရောက်ကြည့်ရှုပါ။
- ထုတ်ပြန်ချက်များကို သင်၏ဘာသာစကားဖြင့် ဖတ်ရှုခြင်း၊ နားထောင်ခြင်း၊ ကြည့်ရှုခြင်းပြုလုပ်နိုင်ရန်အတွက် **servicesaustralia.gov.au/yourlanguage** သို့ သွားပါ။
- သင့်ဘာသာစကားဖြင့် ပြောဆိုရန် **131 158** သို့မဟုတ် **131 202** သို့ ဖုန်းခေါ်ပါ။

Australian Government
Services Australia

ENGLISH

# The Paid Parental Leave scheme

# Information for employers

The Paid Parental Leave scheme allows employers to give their employees time off work through Parental Leave Pay.

Parental Leave Pay is a payment for them to take time off work to care for a newborn or recently adopted child or where the employee has had a stillbirth or infant death.

Employees can include:

- full time and part time workers
- casual workers
- contractors
- seasonal workers.

Your employee needs to apply for Parental Leave Pay with us and talk to you about leave arrangements.

To get Parental Leave Pay, the employee must meet our residence rules and work and income tests.

They also need to meet all the following:

- live in Australia
- have a newborn or recently adopted child
- has worked for you for at least 12 months before the expected date of birth or adoption
- continue to be your employee until at least the end of their Paid Parental Leave period
- expected to get at least 8 weeks of Parental Leave Pay.

We decide if your employee can get the Parental Leave Pay from the information they tell us in their claim.

If they can get Parental Leave Pay, we will give you the funds to give to your employee through your normal payroll. We will tell you when you need to pay them.

You do not have to give Parental Leave Pay to your employee before you get the funds from us.

To be part of this scheme, you need to register your business with us.

## How to register your business

You need to register for the Paid Parental Leave scheme online:

- Set up both an individual and a business secure Provider Digital Access Account (PRODA) by going to **servicesaustralia.gov.au/proda**
  - **Note:** You will need your Australian Business Number (ABN) to register.
- Link your business to the Business Hub online services via PRODA.
- Register for the Paid Parental Leave scheme in Business Hub.

If you cannot register online, you can call us on **131 158**.

## How we will pay you

We will transfer the Parental Leave Pay funds into your business bank account 7 days before your employee's usual pay cycle cut off.

## Leave entitlements

The Paid Parental Leave scheme does not change any of your employee's existing leave entitlements or give them new leave entitlement.

Your employees may ask to take other leave (paid or unpaid) at the same time they get Parental Leave Pay.

## How the scheme helps your business and your employees

**The Paid Parental Leave scheme helps you:**

- keep valuable and skilled staff without you having to fund Parental Leave Pay
- have a family friendly workplace
- keep new parents in the workforce longer.

**The scheme helps your employees to:**

- have financial help while they take time off work to care for a new child
- have balance between work and family life.

## For more information

- Go to **servicesaustralia.gov.au/pplemployers** for more information in English
- Go to **servicesaustralia.gov.au/proda** for information about registering your business
- Go to **servicesaustralia.gov.au/yourlanguage** where you can read, listen to or watch information in your language
- Call us on **131 158** or **131 202** to speak to us in your language.